# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၂၆ ရက်မြောက်နေ့အစီအစဉ်

# [၂၆-၈-၂၀၁၃] (တနင်္လာနေ့၊ ၁၀၃၀)နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **နိုင်ငံတကာရှိ မြန်မာသံရုံးများမှ VISA ထုတ်ပေးရာတွင် ကောက်ခံရရှိငွေများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဇော်ဝင်းအောင်၊ မြင်းမူ မဲဆန္ဒနယ် (ကိုယ်စား) ဦးကျော်မြင့်၊ အရာတော် မဲဆန္ဒနယ်၏ **ရှေးဟောင်းသုတေသန အမျိုးသားပြတိုက် နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)၏ သက်တမ်းတွက်ချက် သိရှိနိုင်သော ခေတ်မီစက်ကြီးများ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **မြန်မာ့မီးရထားလုပ်ငန်းမှ ဆက်သွယ်ရေးအတွက် အသုံးပြုလျက်ရှိသော ကြေးနန်းကြိုးများနှင့် တိုင်များကို ပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု နယ်နိမိတ်များ မှန်ကန်တိကျ စေရေး အတွက် ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဌ ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **နိုင်ငံတော်ပြန်တမ်းအဖြစ် ထုတ်ပြန်ကြေညာပြီး ပေးအပ်ချီးမြှင့်ထားသည့် ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေအား ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်ချီးမြှောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဎ ) ဒေါ်လှဲလှဲဝင်းဆွေ၊ တာမွေ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လစာစရိတ်ထောက်ပံ့ငွေများ၊ အရည်အသွေး မြှင့်တင်မှုများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက **"၂၀၁၃ ခုနှစ်၊ စာချုပ်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **" ၂၀၁၃ ခုနှစ်၊ စာချုပ်တော်အမိန့် လျှောက်ထားမှု ဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ တင်သွင်းသည့် **" ၂၀၁၃ ခုနှစ်၊ စာချုပ်တော်အမိန့် လျှောက်ထားမှု ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။